# CAD Annual Report 2014



CAD

# Prologue

Dear friends,

A warmly welcome to CAD. Year 2014 is our organizational auspicious 11th anniversary.

In 2014, with financial support of our generous donors (Caritas Seoul, Italy Bishops' Conference, Porticus Asia, Nouvalete Planete), strong commitment of skilled staffs, legal support of our government and contribution of our beneficiaries, we made transformational improvement in livelihoods and living standard of our people in remote/rural areas of Myanmar.

By addressing rural poverty and poor living standard of our people with our donors' financial support, we have helped significant achievements on about hundred thousand of people having full access to sufficient drinking water and personal hygiene, thousands of farmless farmers become farm-owners, many women having small enterprises from our financial support, saving lives from snake bitting from anti-venom revolving bank and heathl services in communities, students getting higher grades in exams and more enthusiasim in education from our solar lighting support, enhancing people's greater movement and saving lives of our people from our car-road building networking villages, supporting early children education for their safer learning environment and inclusive growth and finally farmers' earning higher incomes and food security from providing better seeds.

Additionally, I am indepted to our donors who funded and helped us raise fund for our development programs since 2004. One of our benefectors is our beloved Charles Cardinal Bo, archbishop of Yangon. Our 11th anniversary coincides silver jubilee of Charles Cardinal Bo for his episcopla ordination. I would like to express my congratulations to my colleagues from managment and program teams who are tirelessly committed to implementation of our development programs from for our Myanmar people as well.

Lastly, we humbly implore the blessings of our Lord to Caritas Seoul (One Body One Spirity), Porticus Asia, Nouvale Planete, Italy Bishops' Conference and Cardinal Charles Bo so that they can be instruments of sustainable development for human beings.

Coordially yours,

Joseph Kung Za Hmung @ Win Hlaing Oo
Executive Director

# စကားချီး

အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်လိုက်ပါတယ်။

ကျွန်တော့်အနေနဲ့ စီအေဒီအဖွဲ့အစည်း၏ (၁၁) နှစ်ပြည့် ကျရောက်သော မင်္ဂလာအချိန်သာမယတွင် ၂၀၁၄ ခုနှစ်အတွင်းက ကျေးလက်နေပြည်သူများ၏ ပိုမိုကောင်းမွန်သောဘဝကို ပိုင်ဆိုင်နိုင်ရန်အတွက် စီအေဒီအဖွဲ့အစည်း၏ ဖွံ့ဖြိုးရေးအစီအစဉ်များကို မိဘပြည်သူများအား အစီရင်ခံစာအုပ် ထုတ်ဝေခွင့် ရရှိပြီး မိဘပြည်သူများထံသို့ တင်ဆက်ခွင့် ရရှိသောကြောင့် အထူးဂုဏ်ယူမိပါသည်ဟု ပြောလိုပါသည်။

စီအေဒီအဖွဲ့အစည်းသည် ရက်ရောသော ပြည်တွင်းပြည်ပမှ အလှူရှင်များ၏ ငွေကြေးထောက်ပံ့မှုများ၊ စွန့်လွှတ်စွန့်စားပြီး အားကိုးရသော စီအေဒီဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည် ထက်မြက်မှုများ၊ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုများနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များကို အကျိုးခံစားရသော ပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် ၂၀၁၄ ခုနှစ်တွင် ကျေးလက်နေပြည်သူများ၏ ဘဝကို တိုးတက်အောင် လုပ်ဆောင်ပေးခဲ့ကြပါသည်။

စီအေဒီအဖွဲ့အစည်း၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ကျေးရွာများတွင် သောက်သုံးရေကူညီပေးနိုင်ခဲ့ခြင်းကြောင့် ပြည်သူများသည် ပိုပြီးတစ်ကိုယ်ရေသန့်ရှင်းမှု ကောင်းလာခြင်း၊ စိုက်ပျိုးမြေရရှိရေးအတွက် ကူညီပံ့ပိုးပေးမှုကြောင့် မြေယာများ ပိုင်ဆိုင်လာနိုင်ခြင်း၊ မွေးမြူရေး နှင့် ငွေကြေးများထောက်ပံ့ခြင်းကြောင့် အမျိုးသမီးများသည် အသေးစားလုပ်ငန်းများ ထူထောင်လာနိုင်သည်ကို တွေ့ရှိရခြင်း၊ မြွေဆိပ်ဖြေဆေးဘဏ်များကို ထူထောင်ပေးခြင်းကြောင့် လယ်သမား ၃ ဦးကို သေဘေးမှ ကယ်တင် နိုင်ခဲ့ခြင်း၊ ဆိုလာအလင်းရောင်များ ထောက်ပံ့ခြင်းကြောင့် ကျောင်းသူ/သားများသည် ပိုမိုကျောင်းတက်လိုစိတ် တက်ကြွလာခြင်းနှင့် အဆင့်များတိုးတက်လာခြင်း၊ ကားလမ်းဖောက်လုပ်ခြင်းကြောင့် ပြည်သူများ သွားလာမှုလွယ် ကူလာပြီး ကုန်ဆည်များလည်း စီးဆင်းမှုမြန်ဆန်လာခြင်းဖြင့် ကုန်စျေးနှုန်းတည်ငြိမ်လာစေခြင်း၊ မူကြိုကျောင်းများကို ထူထောင်ပေးပြီး လိုအပ်သောအရာများကို ကူညီပေးခြင်းဖြင့် ၅ နှစ်အောက်ကလေးငယ်များသည် လုံခြုံကောင်းမွန်သော လူမှုဝန်းကျင်နှင့် ကိုယ်ကျင့်တရားများကို သင်ယူရရှိနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များကို တောင်သူများအား ပံ့ပိုးပေးခြင်းဖြင့် လယ်ယာအထွက်နှုန်းများလာသည့်အပြင် ဝင်ငွေလည်း ပိုမိုစုဆောင်းလာနိုင်ခြင်းတို့ကို ဝမ်းသာစွာ တွေ့ရှိရပါသည်။

၂၀၁၄ ခုနှစ်သည် စီအေဒီအဖွဲ့အစည်း တည်ထောင်သော (၁၁) နှစ် ပြည့်သောအချိန်ဖြစ်ရာတွင် စီအေဒီအဖွဲ့အစည်းကို ၂၀၀၄ ခုနှစ်မှ ကူညီပံ့ပိုးပေးနေသော ကာဒီနယ်ဆရာတော်ကြီးချားလ်စ်ဘို၏ ဆရာတော်သိက္ခာဝါတော် (၂၅) နှစ် ဂျူဗလီပွဲတော်နှင့် ကြုံကြိုက်သော အချိန်ကာလ ဖြစ်သည်။ ထို့ကြောင့် စီအေဒီဝန်ထမ်းအဖွဲ့အစည်းနှင့်ဝန်ထမ်းများသည် ကာဒီနယ်ဆရာတော်ကြီးချားလ်စ်ဘို၏ ဆရာတော် သိက္ခာဝါတော် (၂၅) နှစ် ဂျူဗလီအတွက် ဘုရားသခင်အား ကျေးဇူးတင်ဆုတောင်းပေးရင်း အထူးဂုဏ်ပြုလိုက်ပါသည်။

ထို့ကြောင့် စီအေဒီ၏ အလှူရှင်များ၊ ဝန်ထမ်းများ၊ အစိုးရနှင့် ပြည်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်တွင်လည်း ဆက်လက်လှူဒါန်းပါဝင်ကြပါရန် လေးစားစွာ ဖိတ်ခေါ်ရင်း နိဂုံးချုပ်လိုက်ပါသည်။

ခင်မင်ရင်းနှီးစွာဖြင့်၊

ဂျိုးဇက်ကုန်ဇမှုန်း (ခ) ဝင်းလှိုင်ဦး

ညွှန်ကြားရေးမှူး

လူထုအကျိုးဆောင်ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့ (CAD) ရုံးချုပ်နှင့် နယ်ရုံးခွဲများပြမြေပုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့်ကြီးကြပ်ရေးဗဟိုအဖွဲ့

## အသင်းအဖွဲ့ ဖွဲ့စည်းခွင့်လက်မှတ်

ရန်ကုန် တိုင်းဒေသကြီး/ပြည်နယ် ကြည့်မြင်တိုင် မြို့နယ်
ကမ်းသာယာလမ်း ၁၁ ရပ်ကွက်/ကျေးရွာအုပ်စု ကမ်းနား လမ်း

အမှတ် (၇၀၅) တွင် ဖွင့်လှစ်ထားရှိသော
လူထုအကျိုးဆောင်ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့ အား
အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ပြုလိုက်သည်။

ဖော်ပြပါအသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ် အမှတ်သည် (၂၂၇၀) ဖြစ်၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ အတည်ဖြစ်ပါသည်။

အသင်းအဖွဲ့သည် ဤမှတ်ပုံတင်လက်မှတ်ကျောဘက်တွင် ဖော်ပြထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

အမိန့်အရ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အသင်းအဖွဲ့များဖွဲ့စည်းခွင့်ပြုရေးနှင့်
ကြီးကြပ်ရေးဗဟိုအဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

အတွင်းရေးမှူး (ကိုယ်စား)

( ဦးဝင်း၊ ဒုတိယအတွင်းရေးမှူး )

ရက်စွဲ ၂၀၁၄ ခုနှစ်၊ ဇူလိုင် လ ၁၁ ရက်။

*Notarial Translation*

U THAN TIN YANGON MYANMAR NOTARY PUBLIC

**Government of the Republic of the Union of Myanmar**
**Ministry of Home Affairs,**
**Forming of Organization Supervisory Central Committee**

## Permit to form organization

This permit is granted to **COMMUNITY AGENCY FOR RURAL DEVELOPMENT** situated at No.(705), Kannar Street, Kan Thar Yar Plaza , Kyimyindine Township, Yangon Region in accordance with the Law relating to forming of Organizations.

The Permit No. of the said Organization is **(2278)** which expires on **31st December, 2018.**

The Organization shall abide by the Terms and Conditions mentioned on the reverse side.

***Official Seal*** **By Order,**

**Sd/- x x x**
**(for) Secretary**
**(Toe Win , Joint Secretary)**

Date : 11th July, 2014.

**AUTHENTICATED,** true and correct English translation.

Regd : No. 3374 / 9 / 2014

25 SEP 2014

**U THAN TIN B.A., B.L**
**Advocate & Notary Public,**
**No.567 (G/F), Merchant Street,**
**Kyauktada Township, Yangon,**
**Republic of the Union of Myanmar**
**Tel : 01 - 242296**

LAKABAR COMPUTER No. (567), Corner of Merchant Street & Barr Street, Kyauktada Township, Yangon, Myanmar. ☎ : 372491, 242296, 372950, H.P : 09 50 51773, Fax : 242296

## Our Vision

**CAD realizes the integrated development of rural communities in Myanmar through perfect capacity.**

## ကျွန်ုပ်တို့၏ ရည်မှန်းချက်

စီအေဒီသည် မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်ပြည်သူများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ပြည့်ဝသောစွမ်းရည်ဖြင့် ဖော်ဆောင်ပေးသည်။

## Our Mission

CAD will firmly stand as an agency with country wide recognition materializing intergrated development of rural communities in Myanmar through;

1. Enhancing the capacity of human resources
2. Supporting farmers for food security and income opportunities
3. Improving their health
4. Improving their education standand
5. Promoting rural transport
6. Supporting for the emergence of CBOs and
7. Building self-financing activities for our sustainability

## ကျွန်ုပ်တို့၏ လုပ်ငန်းများ

စီအေဒီသည် မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်ပြည်သူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်

၁။ လူသားအရင်းအမြစ် စွမ်းရည်မြှင့်တင်ပေးခြင်း

၂။ စားနပ်ရိက္ခာနှင့် ဝင်ငွေအခွင့်အလမ်းများ ရရှိစေခြင်း

၃။ ကျန်းမာရေးပိုမိုကောင်းမွန်အောင် မြှင့်တင်ပေးခြင်း

၄။ ပညာရေးအဆင့်အတန်းကို တိုးတက်စေခြင်း

၅။ လမ်းပန်းဆက်သွယ်မှုကို တိုးတက်စေခြင်း

၆။ ကျေးရွာအခြေပြုအဖွဲ့အစည်းများ ပေါ်ထွက်လာစေခြင်း

၇။ အဖွဲ့အစည်းအတွက် ဝင်ငွေလုပ်ငန်းများ ထူထောင်ရန်

တို့ကို ဆောင်ရွက်ပေးနေသော နိုင်ငံအသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် ရပ်တည်မည်။

# Our Strategies

**Strategy ~ 1** ▸ Enhancing the capacity of staff and communities by linking and partnering with external organizations engaging in capacity building services

**Strategy ~ 2** ▸ Providing essential inputs and modern techniques for agiculture and income generation

**Strategy ~ 3** ▸ Supporting children who do not affort to pay for school and staff and young people who are interested in higher education

**Strategy ~ 4** ▸ Constructing and renovating rural transport facilities by providing the required resources and in partnership with rural communities

**Strategy ~ 5** ▸ Supporting rural communities to ensure improved access to primary health care services and to gain and practice health knowledge for their personal prevention and care

**Strategy ~ 6** ▸ Supporting for the emergence and sustainability of community-based organizations (CBOs) in the project areas

# ကျွန်ုပ်တို့၏ နည်းဗျူဟာများ

(၁) စွမ်းရည်မြှင့်လုပ်ငန်းများ လုပ်ဆောင်နေသော ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း၍ ကျေးလက်ပြည်သူများနှင့် ဝန်ထမ်းများ၏ စွမ်းရည်တို့ကို တိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်း

(၂) ခေတ်မီစိုက်ပျိုးမွေးမြူရေးနှင့် ဝင်ငွေတိုးဆိုင်ရာနည်းစနစ်များ၊ အရင်းအမြစ်များ ပံ့ပိုးကူညီခြင်း

(၃) ပညာမသင်ကြားနိုင်သော ကလေးသူငယ်များအား ပညာသင်ကြားနိုင်ရန်နှင့် အဆင့်မြင့်ပညာသင်ကြားလိုသော ဝန်ထမ်းများ၊ လူငယ်များအား ကူညီဆောင်ရွက်ခြင်း

(၄) အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ပြည်သူများ လက်လှမ်းမှီ၍ မိမိကိုယ်ကို စောင့်ရှောက်နိုင်မည့် ကျန်းမာရေးအသိပညာများရရှိပြီး လိုက်နာကျင့်သုံးလာစေရေး အတွက် ပံ့ပိုးပေးခြင်း

(၅) လိုအပ်သော အရင်းအမြစ်များ ပံ့ပိုးပေးခြင်းဖြင့် ကျေးလက်ပြည်သူများနှင့် ပူးပေါင်း၍ လမ်းတံတားများ တည်ဆောက်ပြုပြင်ခြင်း

(၆) စီမံကိန်းနယ်မြေအတွင်း ကျေးရွာအခြေပြု ကိုယ့်အားကိုယ်ကိုး အဖွဲ့အစည်းများအဖြစ် ရပ်တည်နိုင်စေရန် ပံ့ပိုးကူညီပေးခြင်း

| Our Values | ကျွန်ုပ်တို့၏ တန်ဖိုးများ |
|---|---|
| Transparency | ပွင့်လင်းမြင်သာမှု |
| Accountability | တာဝန်ခံမှု |
| Family-type relationship | မိသားစုပုံစံ ဆက်ဆံမှု |
| Sacrifice | အနစ်နာခံဆောင်ရွက်မှု |
| Respect on woman capacity | အမျိုးသမီးစွမ်းဆောင်ရည်ကို အလေးထားမှု |
| Honesty | ရိုးသားမှု |
| Mutual recognition | အပြန်အလှန် တန်ဖိုးထားမှု |

Gmail

CAD Myanmar <cad.yangon@gmail.com>

## ကျေးဇူးတင်လွှာ

**Ashin Vi Citta** <mingalaryama@gmail.com> Sat, Dec 20, 2014 at 1:15 PM
To: josephwin@gmail.com, cad.yangon@gmail.com

နှစ်ခင်မြတ်နိုးရပါသော CAD ဒါရိုက်တာကြီး ဝင်းမှူး ဘုန်းဘုန်းက စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ မင်္ဂလာရာမစာသင်တိုက်မှ စာချဆရာတော် ဦးဝိစိတ္တဖြစ်ပါတယ်။
10-12-2014 နေ့က ဆရာတော်၏အတတ် ရေဦးမြို့နယ် အင်ပုတိုးရွာမှ ရွှေမှုံ့ဖက်ဘဝသည့် ညီမလေးတစ်ယောက် ဆေးခံရိုက်သွားရင်း ပိုးထိခံရပါသည်။ ရွာနားနီးဖြစ်သည့် ကျောင်းဆုံရွာရှိ CAD မှ လှူဒါန်းထားသည့် မြွေဆိပ်ဖြေဆေးတစ်လုံးထိုးပြီး ရွာနှင့် ၇ မိုင်ဝေးသည့် ရေဦးမြို့ ပြည်သူ့ဆေးရုံသို့ ဆေးကုသခဲ့ရပါသည်။
အခုတော့ ရောဂါပျောက်ကင်းပြီး အသက်ရှင်သောရာရရှိခဲ့ပါသည်။ အကယ်၍ မြွေဆိပ်ဖြေ အလွယ်တကူ မရရှိခဲ့လျှင် အသက်ရှင်သောဖို့ မလွယ်ကူပါ။
လွန်ခဲ့သော ၇ နှစ်က ဆရာတော်၏ မယ်တော်ကြီးလဲ မြွေဆိပ်ဖြေဆေး အလွယ်တကူမရရှိသည့်အတွက် ပိုးထိဆုံးပါးသွားခဲ့ဘူးပါသည်။
ယခုလို တောသူတောင်သားတို့၏ လိုအပ်ချက်များကို အမြော်အမြင်ရှိရှိ ထောက်ပံ့လှူဒါန်းသည့်အတွက် ဆရာတော်အနေဖြင့် CAD ဒါရိုက်တာကြီးနှင့် အဖွဲ့သားအလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း နှင့် ဖူးနမ်းမှုနှင့်သောရွာ ပရဟိတအကျိုးများ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အရှင်ဝိစိတ္တာစာရ
စာချနာယက
မင်္ဂလာရာမစာသင်တိုက် ရေဦးမြို့
စစ်ကိုင်းတိုင်းဒေသကြီး။

# pat'tzUtpn;\ prcsu taumi t xnazmjci;qi&m vyx;vyen;rsm;

# Project Management and Implementation Procedures



# အဖွဲ့အစည်းအကြောင်း Description of Organization

လူထုအကျိုးဆောင်ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့ (CAD) သည် မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်ပြည်သူများ၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ပြည့်ဝသောစွမ်းရည်ဖြင့် ဖော်ဆောင်ပေးသောအဖွဲ့အစည်းအဖြစ် ကျေးလက်နေပြည်သူများအတွက် ရပ်တည်ခဲ့သည်မှာ (၁၀) နှစ် တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။

လူထုအကျိုးဆောင်ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့ (CAD) သည် ၂၀၀၄ မေလ (၅) ရက်နေ့မှ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဝေးလံခေါင်ပါးသဖြင့် နိုင်ငံတကာလူမှုအသင်းအဖွဲ့များ၏ ထောက်ပံ့မှုနှင့် ပြည်တွင်းအစိုးရမဟုတ်သော အသင်းအဖွဲ့များ၏ အကူအညီရရှိရန်ခက်ခဲသော ချင်းပြည်နယ်အလယ်ပိုင်း မတူပီမြို့နယ်ရှိ နှရိန်ကျေးရွာတွင် ရုံးစတင်ဖွင့်လှစ်ကာ ကျေးလက်နေပြည်သူများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့ကာ ယခု ၂၀၁၄ ခုနှစ်တွင် ရန်ကုန်ရုံးချုပ်နှင့် နယ်ရုံးခွဲပေါင်း (၄) ရုံးဖွင့်လှစ်နိုင်ခဲ့ပြီး ချင်းပြည်နယ်မြို့တော်ဟားခါးမြို့နယ်တွင် ရွာပေါင်း (၅၅)၊ ထန်တလန်မြို့နယ်တွင် ရွာပေါင်း (၃၈) နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်တွင် ရွာပေါင်း (၁၂)၊ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်တွင် ရွာပေါင်း (၆) ရွာများတွင် ပြည်သူပေါင်း (၁၀၀၀၀၀) ဝန်းကျင်၏ ဖွံ့ဖြိုးရေးအတွက် လုပ်ကိုင်လျှက်ရှိပါသော နိုင်ငံတော်မှ တရားဝင်ခွင့်ပြုမှတ်ပုံတင်ရရှိထားသော အသင်းအဖွဲ့ဖြစ်ပါသည်။

ကျေးလက်နေပြည်သူများအတွက် များပြားလှသောအခြေခံလိုအပ်ချက်များအနက် အောက်ဖော်ပြပါတို့သည် ၂၀၁၄ ခုနှစ်အတွင်း စီအေဒီ မှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခဲ့သော ကဏ္ဍများဖြစ်ပါသည်။

**Community Agency for Rural Development (CAD**) is a registered Myanmar founded and run NGO (Not-for-profit non-governmental organization). Established in May 4, 2004 by Joseph Kung Za Hmung @ Win Hlaing Oo, the charity has implemented a wide range of programs in WASH, agriculture and rural livelihoods, education, environment, health services, car road and bridge construction, nursery (early child care education), school feeding, research, capacity building, rural infrastructure development, anti-venom bank and health; always targeting the most in need communities.

CAD is registered to Union Ministry of Home Affairs of the Union of Republic of Myanmar. CAD registration number is 2278. We changed our organizational name from our original name **"Country Agency for Rural Development"** to **"Community Agency for Rural Development"** in 2014 in line with directive of Union Ministry of Home Affairs of Myanmar central government.

Founded by a Christian from Chin state, the organization is guided by a set of principles informed by its faith-based roots but also fully understanding of a country so diverse in its faiths, ethnicities and environments. CAD enjoys being both an element of that diversity whilst always striving to find commonalities amongst the different backgrounds. Our EuropeAid ID is MM-2009-CWC-2801955510.

CAD is always looking for new ways to partner, locally or internationally, with proven development programming activities or developing innovative new methods. We see great value in the international development sector's presence here in Myanmar, whilst also striving to develop the capacity of local staff and organizations, alongside our own development.

## ၁။ ကျေးရွာသောက်သုံးရေ Community Drinking Water

ကျွန်တော်တို့အားလုံးသည် နေ့စဉ်ရေကိုလုံ လောက်စွာ သောက်သုံးဖို့လိုအပ်ပါသည်။ မြို့ပြများနှင့် တချို့ကျေးရွာများတွင် သောက်သုံးရေသည် လုံလောက်နေသော်လည်း အလွန်ဝေးလံခေါင်ပါးသော ချင်းပြည်နယ် အလယ်ပိုင်း၊ နှရိန်းကျေးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ရေဦးမြို့နယ်တို့တွင် နွေရာသီသာမက မိုးတွင်း၌ပင် သောက်သုံးရေရှားပါးသဖြင့် ကျန်းမာရေး မကောင်းခြင်း၊ နေ့စဉ်ရေမချိုးနိုင်ခြင်း၊ အဝတ်မလျှော်နိုင်ခြင်း၊ ဟင်းသီး ဟင်းရွက်များ မစားနိုင်ခြင်း၊ ရေလောင်းအိမ်သာများ မဆောက်နိုင်ခြင်း၊ မီးလောင်လျှင် မီးငြိမ်းသတ်ရန် ရေမရှိခြင်း စသော အခက်အခဲများကို ကြုံတွေ့ကြရသည်။ ကျေးရွာအရောက် ရေသွယ်ယူခြင်း၊ ရေလှောင်ကန်များတူး ဖော်ပေးခြင်း လုပ်ငန်းကို ၂၀၁၄ ခုနှစ်အတွင်း အလှူရှင်များမှရသော ထောက်ပံ့ငွေကို ကျေးလက်နေပြည်သူများအတွက် သုံးစွဲခဲ့ပါသည်။

CAD assisted drinking water to communities in remote areas where artisan well or tube well is impossible for drinking water. Manay villagers in communities, take bath only once a week because of water scarcity. Sanitary management is non-existent at all. Home-gardens are not existed. All houses were burn out when a fire breaks out as well. In some villages, women spend about 80% of their time in water fetching. Therefore we irrigated water from mountain streams to villages passing long range of mountains and valleys for the following expected outcomes;

(1) To provide sufficient and hygenic drinking water for better health of people

(2) To improve sanitary management and practices in communities

(3) To improve nutrition by encouraging home-gardens

(4) To increase women's labor in business and child-care environment








## ၂။ ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်း Our Health |Care Service

ကျေးလက်နေပြည်သူများ၏ အဓိကကျသောပြဿနာမှာ ကျန်းမားရေးစောင့်ရှောက်မှုခံယူရန် အလှမ်းဝေးခြင်းနှင့် မြို့တက်ကုသစရိတ်မတတ်နိုင်သောပြဿနာသည် ကျေးလက်နေပြည်သူများအတွက် အဓိကကျနေပါသည်။ စီအေဒီသည် စီမံချက်နယ်မြေအတွင်း ၄င်းပြဿနာများအား တတ်နိုင်သမျှလျှော့ချရန် ရည်ရွယ်ချက်ဖြင့် ချင်းပြည်နယ်အလယ်ပိုင်း၊ နှရိန်းကျေးရွာတွင် ဈေးနှုန်းသက်သာသော ဆေးဝါးများကို ရောင်းချပေးခြင်းနှင့် ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်းကို (၃) နှစ် စီမံကိန်းဖြင့် ဆောက်လုပ်လျှက်ရှိပါသည်။ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဆောက်လုပ်ပြီးစီးပါက ကျေးလက်ကျန်းမာရေးကို ပိုမိုထိရောက်စွာစောင့်ရှောက်ပေးနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် လူနာပေါင်း ၂၆၀ (ကျား-၁၁၃၊ မ- ၁၄၇) ဦး တို့အား ဆေးဝါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချကူညီပေးခဲ့ပါသည်။

Our Lau Tu region is located at 78 kilometers from Thang Tlang city where public general hospital is existent for 75 villages. Therefore it was difficult for local communities to buy medicines and to get health care services because existing rural health center is non-functional. We have hereby opened medicine shop where we sell different kinds of pharmacies with affordable prices for the poor since 2010. Therefore many people are relying on our health care and services. We sell 43 kinds of medicines including tablets, capsules and injection. We sell medicines with cheaper and affordable price than business shops to villagers. By opening up this sale and service;

- We provide local people 24 hours service
- Prices of medicines are cheaper.
- Availability of various medicines.
- Customer Oriented Business
- During the past 12 months, we have recorded 113 males and 147 females who bought medicines from CAD medicine shop. Most common diseases are dysentery, gastric and coughing.



- We awared that many old people come to our center to measure their blood and majority have high blood pressure.

## ၃။ ကျေးရွာချင်းဆက် ကားလမ်းတူးဖော်ခြင်းနှင့် ကြိုးတံတားတည်ဆောက်ပေးခြင်း

စီအေဒီအဖွဲ့အစည်းသည် ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကားလမ်းတူးဖော်ခြင်း နှင့် သဘာဝမြစ်ချောင်းများ၏ အဟန့်အတားများကို ကျော်လွှားနိုင်ရန်အတွက် ကြိုးတံတားများကို တည်ဆောက်ပေးခြင်းလုပ်ငန်းများကို ကျေးလက်ပြည်သူများအတွက် လုပ်ဆောင်ပေးလျက်ရှိပါသည်။ ၎င်းလုပ်ငန်းများကို အောက်ပါရည်မှန်းချက်များဖြင့် လုပ်ဆောင်နေပါသည်။

(၁) ပြည်သူများ၏ သွားလာလှုပ်ရှားမှုကို ပိုမိုကောင်းမွန်လုံခြုံစေရန်

(၂) ဒေသ၏စီးပွားရေးလုပ်ငန်းများကို ပိုမိုအားကောင်းစေရန်

(၃) ပြည်သူများ၏အသက်ကို ပိုမိုကောင်းမွန်သော ပို့ဆောင်ရေးစနစ်ဖြင့် ကာကွယ်ရန်

(၄) ကုန်ပစ္စည်းများ ပုံမှန်စီးဆင်းနိုင်ရန်နှင့် ကုန်ဈေးနှုန်းသက်သာရန်

(၅) တောင်ယာထွက် ကုန်ပစ္စည်းများကို ဈေးကွက်နှင့်ချိတ်စိတ်ပေးရန်



Our objectives for this activity are as follows;

1. To enhance greater movement of communities
2. To enhance greater economic interactions
3. To save human lives through safer transport system
4. To enhance regular and cheaper flows of goods
5. To connect agricultural products with merchants

Normally, every year till 2012, flows of food commodities by trucks or cars were stopped in rainy season (May – September). However as we continued building remaining part of car road last year with machine this year, a significant and immediate impact is that circulation or flow of goods/ food commodities do not stop during this rainy season. Of course, there are landslides on this road but due to safer road system, many truck drivers dare to transport goods to this region by renovating road by themselves (they bring hoes and knives in case landslides and fallen trees destroy or block the road). Secondly, manipulation of goods prices by merchants is not happened during this rainy season because flow of goods to this region is not stopped by rains. Thirdly, therefore we are very happy to announce that we achieve our objectives with 100%. However, there is a river (25 ft of width) in this road and mini-cars (e.g. Jeep, van and motorcycles) could not pass over this river in time of flood in rainy season. Therefore we would like to build a concrete bridge over this river this year.



## ၄။ မူကြိုကျောင်းရှိကလေးများ အာဟာရထောက်ပံ့ခြင်း Early Child-Care Development

ကျေးရွာမှတင်ပြအဆိုပြုချက်များအရ စီမံချက်နယ်မြေအတွင်းရှိ မူကြိုကျောင်းများတွင် ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးရှိစေရန်အတွက် မူကြိုကျောင်း (၈) ကျောင်းရှိ ကလေးငယ်ပေါင်း (၂၀၀) ခန့်အား အာဟာရ တိုက်ကျွေးခြင်းကို လစဉ်ပြုလုပ်ပေးခဲ့ရာ ၎င်းမူကြိုများအား ဆန်ထောက်ပံ့ပေးခြင်း၊ ဆရာမ များ၏လစာကို ၅၀% ထောက်ပံ့ပေးခြင်း၊ သင်ကြားမှုအထောက်အကူနှင့် ကစားစရာများကို ကူညီပေးပါသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့်

(၁) ကလေးငယ်များသည် စည်းကမ်းတကျ နေထိုင်တတ်လာခြင်း

(၂) တွေးခေါ်တတ်သော အသိဉာဏ်ရရှိလာခြင်း

(၃) အာဟာရဓါတ် တိုးတက်လာခြင်း

(၄) တခြားသူများနှင့် အပြုသဘောဆောင် ဆက်ဆံတတ်လာခြင်း

(၅) ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ ဖြစ်ပါသည်။

There are some Church based nurseries in our project area but due to their weak financial sources, they could not provide necessary teaching aids, food, teaching and space to their children. Therefore many children could not join nurseries for their earlier development process to thrive, learn and develop in a healthy way. This involves providing for the basic necessities of nutrition, protection and health care, while also regularly engaging and interacting with children and securing a safe learning environment. We provided food, 50% of teachers' salaries, teaching aids and toys. Depending on weather and external availability, nurseries run at least from 6 to 10 months. This project expects the following outcomes;

- Growth of a child in discipline
- Study of a child with thinking power
- Improvement of a child's nutrition
- Building a better social relationship with others





## ၅။ ဝင်ငွေတိုးမွေးမြူရေးလုပ်ငန်း Livestock for women

စီအေဒီ၏ စီမံချက်နယ်မြေအတွင်း ကျေးရွာလူထုများ အတွက် ဝင်ငွေတိုးလုပ်ငန်းရရှိစေရေး ဆောင်ရွက်ရာတွင် ချင်းပြည်နယ်တွင် အာဂါပေမိခင်အဖွဲ့ (၂၄) ဖွဲ့ကို ဖွဲ့စည်းပေးထားပြီး တစ်ဖွဲ့လျှင်ဝက်တစ်ကောင်ကျ ရင်းနှီးငွေ ထောက်ပံ့ပေးခဲ့ရာ စုစုပေါင်းကောင်ရေ (၂၅)၊ ဆိတ်ကောင်ရေ ( ၃) ကောင်ကို အဖွဲ့ ( ၁၆ ) ဖွဲ့အား ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့သော ဝင်ငွေတိုး ဝက်မွေးမြူရေးလုပ်ငန်းသည် ရေရှည်လည်ပတ်နိုင်ရေး အစီအစဉ်များဖြစ်စေရန် ပတ်လည်စနစ်ဖြင့် ဆင့်ပွားမွေးမြူရေးလုပ်ငန်းကို ကျေးရွာဆက်လက် ဆောင်ရွက်စေရန် အတွက် ကျေးရွာအခြေပြု အမျိုးသမီးများအဖွဲ့အားဖွဲ့စည်းစေကာ ကော်မတီများမှဆက်လက် တာဝန်ယူ ဆောင်ရွက်စေခဲ့သောလုပ်ငန်းဖြစ်ပါသည်။ အကျိုးခံစားသူဦးရေမှာ စုစုပေါင်း (၄၆၁) ဦး (ကျား-၁၉၄၊ မ- ၂၆၇) ဖြစ်သည်။

စီမံချက်၏ရည်ရွယ်ချက်မှာ

(၁) အမျိုးသမီးများ၏ ဝင်ငွေအခွင့်အရေးနှင့် ကိုယ်ပိုင်လုပ်ငန်း ပိုမိုဖန်တီးပေးရန်

(၂) အမျိုးသမီးများတွင် လုပ်ပိုင်ခွင့်နှင့်ဆုံးဖြတ်ပိုင်ခွင့် ပိုမိုရရှိလာရန်

(၃) အမျိုးသမီးများ၏ဖွံ့ဖြိုးရေးတွင် အမျိုးသမီးများကိုယ်တိုင် ပါဝင်လာရန်

(၄) ဒေသဖွံ့ဖြိုးရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်ရန်

(၅) အမျိုးသမီးများ၏ လုပ်ရည်ကိုင်ရည် ပိုမိုမြင့်မားလာရန်

In our project area, an access of women to income opportunity is extremely limited and much less than their husbands. Such less opportunity of women leads to man's domination and finally such domination defects participation and empowerment of women in communities. Therefore CAD has taken a strategic approach to provide livelihoods to women in remote Myanmar with the following outcomes;

(1) To increase income and own business of women
(2) To increase empowerment and decision making power of women
(3) To let women engage in women's development
(4) To let women participate in their regional development
(5) To improve capacity of women





## ၆။ ဆိုလာမီးထောက်ပံ့ပေးခြင်း Solar Lighting for Education

လျှပ်စစ်မီးမလုံလောက်သော ကျေးလက်ဒေသများတွင် ကျေးရွာများရှိ ကျောင်းသူ/သားများ၏ စာဖတ်ဝိုင်းအတွက် လျှပ်စစ်မီးအခက်အခဲများ ဖြေရှင်းနိုင်ရန် စီအေဒီအဖွဲ့သည် ကနေဒါနိုင်ငံထုတ် ပို့အား (၃၀) ရှိသော ဆိုလာမီးပေးဝေခြင်းလုပ်ငန်းကို ထန်တလန်နှင့်မတူပီမြို့နယ်တို့တွင် (၁၀) ရွာနှင့် နှင့် ရေဦးမြို့နယ်တွင် (၇) လုံးထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ ထောက်ပံ့ရခြင်း၏ရည်ရွယ်မှာ

(၁) သန့်ရှင်းပြီး ပြန်လည်သုံးစွဲနိုင်သော စွမ်းအင်ကို အသုံးပြုရန်

(၂) ပညာရေးအတွက် မိသားစုများ၏ကုန်ကျမှုကို လျှော့ချရန်

(၃) ကျောင်းသူ/သားများ ပညာပိုမိုတတ်မြောက်လာရန်

Education is one of the key building blocks to development. CAD supports access to clean, renewable and safe solar lights for student study after dark. From our work, we have seen that providing access. to solar lights has made a huge impact on children's education in many ways. Children with solar lights do over one hour extra of study each evening, on average.

Parents we interviewed have seen their children's motivation to study after dark increase as a result of the light. Not just due to the excitement of new technology but also the reduction in health impacts, as previously experienced under alternative sources of light: kerosene lanterns and battery lights. Families make huge savings from reduced spending on alternative sources of light, equating to $70 a year, on average.

Many families in Chin state, Myanmar, use these savings to spend on solar lights teachers are able to plan lessons and mark homework after dark. Bettering the overall learning experience for the children. The increased study hours at home has lead to greater success in school. Only 43% of primary educated children progress to secondary school in CAD project area. Though headteachersand parents alike, who have solar lights, have noticed a difference in student performance, as seen in the increased student attendance.



## ၇။ မြွေဆိပ်ဖြေဆေးထောက်ပံ့ခြင်း Revolving Anti-Venom Bank

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်ရှိ ရေဦးမြို့နယ်ရှိ စီအေဒီ၏ ပရောဂျက်ဧရိယာအတွင်းရှိ ဒေသများတွင် မြွေများပေါများပါသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများသည် အသက်အန္တရာယ် အချိန်မရွေး ကြုံတွေ့နေရပါသည်။ ကျေးလက် ဒေသ၏ လိုအပ်ချက်အရ စီအေဒီသည် ၂၀၁၄ တွင် စီမံကိန်းဧရိယာအတွင်းရှိ ကျေးရွာများတွင် မြွေဆိပ်ဖြေဆေးများအား အပြည့်အဝ အခမဲ့အအေးခန်းများဖြင့် အရည်အသွေး ပြည့်မှီစွာ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ထိုသို့ ထောက်ပံ့ပေးနိုင်ခဲ့ မှုကြောင့် ပိုးထိလူနာ (၃) ဦး၏အသက်အား အချိန်မှီ ကယ်တင်ပေးနိုင်ခဲ့ပါသည်။ စီအေဒီမှ မြွေဆိပ်ဖြေဆေး ထောက်ပံ့ပေးမှုကို အလွယ်တကူသိရှိရန်နှင့် ရယူနိုင်ရန် ကျေးလက်ရွာများရှိ လမ်းဆုံ၊ လမ်းခွများနှင့် လူစည်ကားသော နေရာများတွင်လည်း အသိပညာပေးသော ဆိုင်းဘုတ်များဖြင့် မြွေဆိပ်ဖြေဆေး ရရှိနိုင်သောနေရာများအားလည်း အသိပေး ချိတ်ဆွဲထားပါသည်။ မြွေဆိပ်ဖြေဆေးအား မည်သို့အသုံး ပြုရမည်ကိုလည်း ကျေးလက်ရှိပြည်သူများအား လက်တွေ့ အသုံးချနိုင်ရန် သင်တန်းများပြုလုပ်ပေးခဲ့ပါသည်။



CAD Project Management Team decided to support this innovative project. There are 170 households (413 females and 348 females in this village. The total beneficiaries of this bank project are 761 villagers. Regarding revolving anti-venom banks, CAD set up the banks in eight project villages (Wathe, Paw, Chaungsone, Flankhone, Mimaungkone, Kyarpannyo, Lanetaw & Tumaung) and project beneficiaries are 5935 residents (F 3461+ M 2473). CAD stores 10 numbers of vaccines in the freize with solar energy in monasteries which are proposed by villagers. Till July 2014, we did not get any report from communities about snake biting in project area.



Villagers told us that they have no more worries about snake bite (they have full confidence) because anti-venom is available for them 24 hours. Before 2013, more than 10 farmers were dead of snake bite and they spent millions of money for medical treatment too. We saved 3 persons biiten by snake, from death from this project.

**Revolving System of Anti-Venom Bank in Villages**

(1) The activity is implemented, monitored and reported completion to Ye U sub office by formed (5-7) anti-venom bank management members committee and facilitated by staff.

(2) Village authority must provide a building or a house where CAD will install cooling system for keeping anti-venom for the needy.

(3) The committee has urgently to provide viper anti-venom one vial to patient family directly bidden by snakes.

(4) The anti-venom provided patient family must repay update & fresh viper anti-venom one vial within a week.

(5) The committee must keep anti-venom in recommended cooling system.

(6) CAD and the committee have to erect notice signboard declaration about available source of viper anti-venom.

The below is a thanksgiving letter which was sent to CAD Director by a Buddhist monk whose mother, bitten by snake, was saved by our project from death.





## ၈။ ဝန်ထမ်းစွမ်းဆောင်ရည်မြင့်တင်ခြင်း Staff Capacity Building

ကျေးလက်နေပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေကြရသော လူထု အကျိုးဆောင် ကျေးလက်ဖွံ့ဖြိုးရေးရုံးမှ ဝန်ထမ်းများသည် ပြည့်ဝသော စွမ်းဆောင်ရည်များ ရရှိရန် လိုအပ် ပါသည်။ သို့မှသာလျှင် ပြည့်ဝသောစွမ်းဆောင်ရည်နှင့် ကျေးလက်နေပြည်သူများ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေး ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့် သင်တန်းများ တက်ရောက်နိုင်ရေး စီစဉ်ပေးခြင်း၊ နှစ်ပတ်လည်နှင့် ခြောက်လပတ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးများတွင် ဝန်ထမ်း အားလုံး ပါဝင်နိုင်သော သင်တန်းများ စီစဉ်ပေး ခြင်း၊ လုပ်ငန်းနှင့် ဆက်စပ်နေသော သင်တန်းများ ရှိပါက ချိတ်ဆက်ပေးပြီး တက်ရောက်နိုင်ရေး စီစဉ် ပေးခြင်းများကို အစဉ်ပြုလုပ်ပေးလျှက်ရှိရာ ဝန်ထမ်းမှ **Creative Thinking and Decision Marking Training, Team Building Training, Project Cycle Management Training, Monitoring Training** နှင့် **Proposal Writing Training** များကို သက်ဆိုင် ရာဝန်ထမ်းများအား ၂၀၁၄ ခုနှစ်အတွင်း တက်ရောက်စေခဲ့ပါသည်။

CAD has a strong policy to train her staffs in the best way morally, spiritually and physically. Providing training opportunity for our staffs is building a platform for their empowerment, participation and their development for our excellent service to our constituency. Capacity and capability building is defined as the empowerment which encompasses the ability, will and skills to initiate, plan, manage, undertake, organise, budget, monitor/supervise and evaluate project activities. Thus capacity and capability building are related to the organizational and functional levels as well as to individuals, groups and institutions.

Empowerment is the new embellishment on the older concept of capacity building. It is also different in its emphasis. It emphasises the notion of power. People must be empowered to do their own things nay, people must self-empower, they must not wait for somebody else to empower them. Linguistic revolutions provide useful insights into new trends. The word empowerment is one such concept. However, we treat capacity building and empowerment as essentially meaning the same thing.





# 2014 ANNUAL

# REPORT

## Our Contact Addresses:

### ရုံးချုပ်

အခန်းအမှတ် (၇၀၅)၊ (၇) လွှာ၊ ကမ်းသာယာပလာဇာ၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ ။

ဖုန်း-၀၁-၅၃၇၇၃၉၆ ၊ ၀၉- ၅၀၄ ၀၄၇၇

### ဟားခါးရုံးခွဲ

ပတသ (၁၈၆)၊ ပထမထပ်၊ ဗိုလ်ချုပ်လမ်း၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ် ။

ဖုန်း-၀၉ ၄၀၀ ၃၀၂ ၉၀၄

### နှရိန်းရုံးခွဲ

ဆယ်ဟာရပ်ကွက်၊ နှရိန်းကျေးရွာ၊ ထန်တလန်မြို့နယ်၊ ချင်းပြည်နယ် ။

ဖုန်း-

### နွားထိုးကြီးရုံးခွဲ

အမှတ် (၂၃၅)၊ (၅) ရပ်ကွက်၊ မြင်းခြံ-မန္တလေးလမ်းမကြီး၊ နွားထိုးကြီးမြို့နယ်၊ မြင်းခြံခရိုင်၊ မန္တလေးတိုင်းဒေသကြီး ။

ဖုန်း- ၀၉ ၂၅၆ ၄၃၀ ၆၄၂

### ရေဦးရုံးခွဲ

အမှတ် (၁၅၅)၊ ဗိုလ်အောင်ဇေယျရပ်ကွက်၊ ကလေးဝလမ်း၊ ရေဦးမြို့နယ်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး ။

ဖုန်း- ၀၉ ၇၃၁ ၄၄၆၉၇ ၊ ၀၉ ၄၀၀ ၅၃၄ ၇၀၇